
သင့်လူ
နားစွင့် ကြားဟန် ရင်ခုန်သံ
Jan-Philipp Sendker

## ဂျူလီယာ၊ တင်ဝင်း၊ မိမိ၊ နုနု၊ သားသားနှင့် ဆန်ကာ

*

ခပ်ပေ့ါပေ့ါသာ ထင်ခဲ့မိသည်လေ။ ဂျာမန်စာရေးဆရာ ယန်းဖိလစ်ဆန်ကာ၏ မြန်မာပြည်နောက်ခံ ဆွတ်ပျံ့ဖွယ် အချစ်အကြောင်း ရေးဖွဲ့ထားသည်ဆိုသော နှစ်အုပ်တွဲ စာအုပ်ကြီး လက်ထဲ ရောက်လာစဉ် ကပေ့ါ။ ဆွတ်ပျံ့တာတွေ၊ လွမ်းမောတာတွေက စိတ်ပင်ပန်းစရာမို့ အစေးမကပ်လှ။ မြန်မာပြည် အကြောင်းဆိုတော့ လုပ်စားကိုင်စား မြန်မာပြည်နောက်ခံ ဝတ္ထုများပေါများ လှသည့် ခုချိန်ကာလသမယမှာ ခွင့်သာခိုက် အလိုက်သင့် စီးမျောလေသလားဟု လည်း ထင်မိသေးသည် ။ သို့သော် စာရေးဆရာ ကိုယ်တိုင်ဘာသာပြန်ဖို့ ရက်ရက်ရောရော ခွင့်ပြုခဲ့သည့် အပြင် အာမဘာန္တေတွေလည်း ခံခဲ့ပြီးဖြစ်သည့် စာအုပ်တွေက လက်ထဲရောက်နေပြီ။ စာအုပ်အထူကြီး နှစ်အုပ်ကို ကြည့်ကာ ရင်တော့အမောသား။

သကြံန်ပိတ်ရက်မတိုင်ခင် ပထမအုပ်ကို အပြီးဖတ်လိုက်သည် ။ နယူးယောက်မှ သည် ကလောဆီသို့ တဖြည်းဖြည်း နူးညံ့ညင်သာစွာ ရွေ့လျားလာသော ဇာတ်အရွေ့ကို သတိပြုမိသည် ။ အစပိုင်းမှာ ပျင်းစရာ အသွင်ဆောင်သည့် လောကီထုပ္ပတ် လူတို့ ဇာတ်သည် တဖြည်းဖြည်းနှင့်ဆန်းကြယ်လာခဲ့သည် ။ စာရေးဆရာ ပေးထားသော အင်မတန်ရိုးသည့်တင်ဝင်း၊ မိမိ၊ ဦးဘစသည့် မြန်မာအမည်များ ၏ သာမညောင်ညဖြစ်မှုတို့ပျောက်ကွယ်ကာ မိဘနှစ်ပါး၏ ပေယျာလကန် စွန့်ပစ်ခြင်းကို ခါးစည်းခံခဲ့ရသော၊ အမြင်အာရုံ မှေးမှ ိန်ကွယ်ပျောက်ကာ ဒုက္ခပင်လယ်ဝေခဲ့ရသော၊

လူ့ဘဝ ဖြစ်တည်မှုကို သာသနာ့ဘောင်မှာ အဖြေရှာသော်လည်း ရေသာများ ၍ ငါးမတွေ့ခဲ့သော တင်ဝင်းဆိုသည့် ကောင်လေးတစ်ယောက်နှင့် မွေးရာပါ ခြေခွင်နေသည့် စိတ်နှလုံးလှသည့်၊ အသံသာလွန်းသည့် မိမိအမည်ရှိ ကောင်မလေး တစ်ယောက်တို့ ၏ လွမ်းမောဖွယ် အဖြစ်သနစ်တို့ က အားကောင်းစွာ လွှမ်းမိုး လိုက်သည် ။

နယူးယောက်မှ နာမည်ကျော် ရှေ့နေကြီးမစ္စတာတင်ဝင်း ရုတ်တရက် ပျောက်ဆုံးသွားမှုကြောင့် ဖခင်ကို ချစ်လှသော သမီးငယ် ဂျူလီယာဝင်းက ဖခင်ခြေရာကောက်ရင်း သူ့ဖခင် ဇာတိမြေ ကလောသို့ ရောက်လာ၊ မိုးပေါ်က ကျလာသလို အဘိုးကြီး ဦးဘနှင့် ဘွားခနဲတွေ့၊ ငယ်နုသော တင်ဝင်းနှင့် မိမိတို့ ၏ အတိတ်ဆီ တစ်ဆင့်ချင်း တစ်ရစ်ချင်း ဆွဲ၍ ခေါ်။ ရုံးပိတ်ရက်များ အတွင်း ထိုလွှမ်းမိုးမှုအရှိန်ကို စီးမျောလိုက်ပါကာ ပထမတစ်အုပ်ကို အပြီးအစီး ပြန်ဆိုလိုက်နိုင်သည် ။

အလုပ်ပြီးပြီဟု မခံစားရ။ ဒုတိယအုပ်က မျက်စောင်းလှမ်းထိုးနေသည် ။ ပထမအုပ်မှာ ဇာတ်လမ်းက ဆုံးနေပြီကို ဘာကြောင့် များ ဒုတိယအုပ်ဆက်ရေးရပါလိမ့် ဆိုသည့် သိချင်စိတ်က ဖတ်ဖို့ မြှူဆွယ်နေသည် ။ သို့နှင့် အလုပ်ပါးတုန်းမှာ ဖိတ်မိသည် ။ ဖတ်မိတော့ ချထား၍ မရတော့ဘဲ ဆုံးခန်း တိုင်သွားသည် ။ ပြီးသွားတော့ ဘာလုပ်ရမည်နည်း။ ဆက်ရေးရုံပေ့ါ။

ဒုတိယအုပ်က ပထမအုပ်နှင့် သိသာစွာ ကွာခြားသွားသည် ။ စကတည်းက ထင်မထားတာနှင့် စဖွင့်ပြီး မမျှော်လင့်ခဲ့သည့် အဆုံးသတ်မျိုးကို ခင်းကျင်းဖန်တီးထားသည် ။ ဒီစာအုပ်မှာ လည်း နုနု၊ မောင်စိန်၊ ကိုကြီး၊ သားသား၊ ဘိုဘို စသည့် ရိုးစင်းလွန်းလှသည့် နာမည်များကို ကျော်လွန်ဖုံးလွှမ်း သွားအောင် စာရေးဆရာ ယန်းဖိလစ်ဆန်ကာက ဆွဲဆောင်

ရေးသားသွားခဲ့ပြန်သည် ။

ဘာပဲလုပ်လုပ် အောင်မြင်လာလျှင် သုံးကြိမ် သုံးခါ သုံးတွဲလောက်တော့ ထုတ်လေ့ရှိသည့် ထုံးစံအတိုင်း ခုတော့ စာရေးဆရာ ဆန်ကာတစ်ယောက် ဂျူလီယာဝင်း၏ နောက်ဆုံးစာအုပ် တတိယတွဲကို ရေးသားနေသည် ဟု ဆိုသည် ။ သူ ဆယ်နှစ် အချိန်ယူ ရေးခဲ့ရသည့် ပထမတွဲနှင့် ဒုတိယ တွဲကိုတော့ ခု မြန်မာပြန် ရေးသားပြီးခဲ့ပြီ။ တတိယအုပ်ကိုတော့ ဂျာမန်မှ သည် အင်္ဂလိပ်သို့ ပြန်ဆိုသည် ကို စောင့်ဆိုင်း၍ ဖတ်ကြည့်ရဦးမည်။ သူ ဘယ်လိုများ ထပ်မံ ဖန်တီး ဖမ်းစားဦးမည်နည်း။ စောင့်၍ သာ နေရဦးမည်။

သင့်လူ

***

# ပထမပိုင်း(က)

## အခန်း( ၁ )

*

အဘိုးအို၏ မျက်လုံးအစုံက ကျွန်မကို အရင်မြင်တွေ့ခဲ့ခြင်းသာ။

ချိုင့်ခွက်သည့် မျက်ရိုးအိမ်အတွင်းမှ ထိုမျက်လုံးတို့ သည် ကျွန်မထံမှ ဖယ်ခွာခြင်းငှာ မစွမ်းသာ သကဲ့သို့ ရှိနေခဲ့သည် ။ လက်ဖက်ရည်ဆိုင်တွင်းမှ လူကုန်နီးပါး ကျွန်မကို ငေးမောနေခဲ့ကြသော်လည်း ထိုအဘိုးကြီးက အဆိုးဆုံး ဖြစ်၏။ တစ်ခါဖူးမျှ မမြင်ဖူးသော ဂြိုဟ်သားတစ်ကောင်လို စူးစူးရဲရဲ သည်းသည်းနင့်နင့် ကြည့်နေခြင်း ဖြစ်သည် ။

သူ့ကို လျစ်လျူရှုဖို့ အတွက် လက်ဖက်ရည်ဆိုင်ကလေးကို ကျွန်မ လှည့်ပတ်ကြည့်ရှုလိုက်သည် ။ ဖုန်ထူထူ မြေပြင်ပေါ်မှာ ခနော်ခနဲ့ စားပွဲ၊ ကုလားထိုင်လေးများ ခင်းကျင်းထားသည့် သစ်တဲကလေး တစ်လုံးသာ။ မုန့်အချို့ ထည့်ထားသည့် မှန်သေတ္တာလေးထဲမှာ ယင်ကောင်များက တလူပ်လူပ်။ မုန့်သေတ္တာဘေးမတော့ လက်ဖက်ရည်အိုး တည်သည့် ဂက်စ်မီးဖို။ ထောင့်တစ်နေရာမှာ လိမ္မော်ရောင် အချိုရည်ပုလင်းတွေ တင်ထားသည့် သစ်သားစင်ကလေး။ ဒီလောက်နုံချာလွန်းသည့် နေရာမျိုးကို တစ်သက်နှင့် တစ်ကိုယ် ဘယ်တုန်းကမှ မရောက်ဖူးခဲ့။ ပူလိုက် အိုက်လိုက်သည် ကလည်း ရေနွေးအိုးထဲ ထည့်ပြုတ်ခံရသလား အောက်မေ့ရသည် ။ နားထင်၊ နဖူးနှင့် လည်ပင်းတို့ မှ ချွေးများ ပေါက်ပေါက်ကျလျက်။ ဝတ်ထားသည့် ဂျင်းသည် အသားနှင့် ကပ်လျက်။ အသက်ကလေးဝဝရှူဖို့ ထိုင်ချလိုက်

တုန်း ထိုအဘိုးကြီးသည် ကျွန်မနား ရောက်၍ လာတော့သည် ။ သူက ကျွန်မ စားပွဲမှာ သုတ်ခနဲ ဝင်ထိုင် လိုက်ပြီး ကရားရေလွှတ် ပြော တော့သည် ။

"ခုလို တဲ့ တိုး လာစကားပြောမိတဲ့ အတွက် ကျုပ်ကို ခွင့်လွှတ်ပါ ကလေး မ၊ ကျုပ်တို့ တစ်ခါဖူးမှ မတွေ့ဖူး မသိကျွမ်းခဲ့ဖူးဘူး ဆိုတာ ကျုပ် သိပါ တယ်၊ ကျုပ်နာမည်က ဦးဘပါ။ ကလေးမအကြောင်း ကျုပ် အများကြီး ကြားခဲ့ သိခဲ့ဖူးပါတယ်၊ ကလေးမအနေနဲ့ တော့ ခုလို ရေခြားမြေခြား တိုင်း တစ်ပါးက တစ်ခါမှ မရောက်ဖူးတဲ့ မြို့တစ်မြို့ရဲ့ လက်ဖက်ရည်ဆိုင်တစ်ခု မှာ လူထူးလူဆန်း တစ်ယောက်နဲ့ ဖြုန်းစားကြီးတွေ့ရလို့ စိတ် ကသိကအောက် ဖြစ်နေမှာ ပါပဲ၊ ဒါပေမဲ့ ကျုပ်မှာ ကလေးမကို မေးစရာ မေးခွန်းတစ်ခု ရှိနေတယ်၊ ကျုပ် ဒီနေ့ကို စောင့်နေခဲ့ရတာ ကြာခဲ့ပါပြီ၊ ဒါ ကြောင့် မို့ ကလေးမကို ငြိမ်ငြိမ် လေးထိုင်ပြီး ကြည့်မနေနိုင်တော့တာပါ။

တိတိကျကျ ပြောရရင် ကျုပ် စောင့်နေခဲ့တာ လေးနှစ် ရှိပါပြီ၊ နေ့လယ် ပိုင်းတွေဆို ဟောဟို ဖုန်ထူထူလမ်းမတစ်လျှောက် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ဘတ်စ်ကားတွေပေါ်ကနေ ဆင်းလာတဲ့ ကမ္ဘာလှည့်ခရီးသည် တွေကို စောင့်ကြည့်ခဲ့ရတယ်။ လေယာဉ်ပျံသံ ကြားတိုင်းလည်း လေဆိပ် သွားသွား စောင့်ခဲ့ရတာ အကြိမ်ပေါင်း မနည်းဘူး။

ကလေးမက တကယ့်ကို အကြာကြီးနေမှ ပေါ်လာတော့တာပဲနော်၊ ဒီလို ပြောလို့ ကျုပ် ကလေးမကို မရိုးမသား ချဉ်းကပ်ချင်တာနဲ့ ပဲ ပါးစပ်ထဲတွေ့ ရာ လျှောက်ပြောနေတယ်လို့ မထင်လိုက်ပါနဲ့ ၊ ကျုပ် အသက်ကြီးလှပါပြီ၊ သေဖို့ နီးလှပါပြီ၊ ကျုပ်တို့ တိုင်းပြည်မှာ က လူ့သက်တမ်း တိုတယ်ကိုးကွဲ့၊ ဒါပေမဲ့လည်း ကျုပ်အသက်ရှင်နေခိုက်မှာ ကလေးမအတွက် ဇာတ်လမ်း လေးတစ်ပိုဒ် ပြောကို ပြောသွားမှ ဖြစ်မယ်ကွယ်။

ဩော် - ကလေးမ ပြုံးနေသကိုး၊ ကျုပ်ကို စိတ်ပေါ့သွပ်သူ ထင်နေတယ် ထင်ပ့ါ၊ ဟုတ်စ... ထင်ချင်သလိုသာ ထင်ပါကွယ်၊ ဒါပေမဲ့ ကျုပ် အသွင်အပြင်ကို ကြည့်ပြီး အကဲဖြတ်မမှားလိုက်ပါနဲ့ ၊ ကျုပ် ပြောတာကို နားထောင်ပေးပါလို့ တောင်းပန်ချင်ပါတယ်။

ဒီလူကြီး ငါ့လာဖြီးနေပြန်ပြီလို့ ထင်နေတာ ကျုပ် သိပါတယ်၊ ကလေးမရဲ့ မျက်လုံးတွေကို ကြည့်ရင် သိတာပေ့ါ၊ ဒါပေမဲ့ အထင်မလွဲပါနဲ့ ကွယ်၊ ဒီမြို့မှာ မင်းကို စောင့်နေမယ့်လူ၊ မင်းလုပ်စရာ အလုပ် ဘာတစ်ခုမှ မရှိဘူးဆိုတာ ကျုပ် သိပါတယ်၊ မင်း တစ်ယောက်တည်း လာခဲ့တာလို့ လည်း ကျုပ် မျှော်လင့်ခဲ့ပြီးသားပါ၊ ဆိုတော့ ခဏလေး ငြိမ်ငြိမ်ထိုင်ပြီး ကျုပ် ပြောတာ နားထောင်နော်၊ ဟုတ်ပလား ဂျူလီယာ။

အံ့ဩသွားသလား ကလေးမ၊ ငါ ပထမဆုံးအကြိမ် ရောက်ဖူးတဲ့ တိုင်းပြည်က တစ်ခါမှ မတွေ့ဖူးတဲ့ လူကြီးတစ်ယောက်က ငါ့နာမည်ကို ဘယ်လိုများ သိပါလိမ့် ဆိုတဲ့ အတွေးနဲ့ ကျုပ်ကို စေ့စေ့ ကြည့်နေတာ မဟုတ်လား၊ ခရီးဆောင်အိတ်တို့ ရင်ထိုးတို့ က နာမည်ကိုဖတ်ပြီး ကျုပ် ပြောနေတာလို့ ထင်နေတာ မဟုတ်လား၊ မဟုတ်ပါဘူး၊ မင်း မွေးတဲ့ အချိန်ကတည်းက မင်းနာမည်ကို ကျုပ် သိတာပါ။ မင်းဖေဖေပြောတဲ့ ပုံပြင်တွေထက် ဘာကိုမှ ပိုပြီး မနှစ်သက်တတ်တဲ့ ကလေးလေး ဂျူလီ၊ မင်း အနှစ်သက်ဆုံး ပုံပြင်က မင်းသားလေး၊ မင်းသမီးလေးနဲ့ မိကျောင်းကြီး(ရှင်မွေ့လွန်းနဲ့ မင်းနန္ဒာ)လေ၊ ကျုပ် ပြောတာ ဟုတ်ရဲ့လား။

ကဲ- မယုံရင် ကျုပ် ပြောပြမယ်၊ မင်းနာမည် ဂျူလီယာဝင်း၊ မွေးသက္ကရာဇ်က ၁၉၆၈ ဩဂုတ်လ ၂၈ ရက်၊ အမေရိကန်လူမျိုး မိခင်နဲ့ မြန်မာလူမျိုး ဖခင်ကနေ နယူးယောက်မှာ မွေးတယ်၊ မင်းရဲ့ မျိုးရိုးနာမည် ‘ဝင်း’ဟာ ကျုပ် မွေးတဲ့ အချိန်ကစလို့ ကျုပ်ဘဝရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်ခဲ့သလို ခု

ဇာတ်လမ်းရဲ့ အဓိကအကြောင်းအရာလည်း ဖြစ်တယ်ကွဲ့၊ လွန်ခဲ့တဲ့ လေးနှစ်အတွင်း ကျုပ်ဟာ မင်းအကြောင်း မတွေးမိတဲ့ နေ့ရယ်လို့ တစ်နေ့မှ မရှိခဲ့ဘူး၊ ကျုပ် အားလုံးကို ဖြည်းဖြည်းချင်း ရှင်းပြပါ့မယ်၊ဒါပေမဲ့ ခု မေးခွန်းတစ်ခွန်း မေးချင်တယ်၊ မင်း အချစ်ကို ယုံကြည်လားကွဲ့။

ဟော - မင်း ရယ်တယ်၊ အင်း- မင်းဟာ တယ်လှတဲ့ ကလေးမပဲကွယ်၊ တကယ်ပြောတာ နောက်နေတာ မဟုတ်ဘူး ၊ ဂျူလီယာ မင်း အချစ်ကို ယုံကြည်လား။

အင်း- ခု ကျုပ် ပြောတဲ့ အချစ်ဆိုတာ ဆန္ဒရမ္မက် မိုးလောက်တက်ပြီး စိတ်ဇောအဟု န် သိမ့်သိမ့် တုန်လို့ ချစ်သူကို လက်ဝယ်ပိုင်ပိုင် မရရင်ဖြင့် ကြက်နာကြီး လည်လိမ်သလို ပူဆွေးသောက ဗျာပါဒတွေနဲ့ ရစ်သိုင်း မှ ို င်းညို့နေတဲ့ အချစ်မျိုးတော့ မဟုတ်ဘူး ၊ ကျုပ်ပြောတဲ့ အချစ်က မျက်စိနှစ်ကွင်း အလင်းမရသူကို အမြင်အာရုံ ပြန်လည်ဆောင်ယူပေးနိုင်တဲ့ ၊ အကြောက်တရားထက် အဆမတန် ပိုမို အားကောင်းပြင်းထန်တဲ့ ဘဝအဓိပ္ပာယ်ကို ဝင်သက်နဲ့ အတူ သယ်ဆောင်လာတဲ့ ၊ ဖြစ်ပြီးရင် ပျက်စမြဲ ဆိုတဲ့ လောကနိယာမကို စိန်ခေါ်ဖီဆန်တဲ့ ၊ အနားသတ်ရယ်လို့ မည်မည်ရရမရှိတဲ့ ၊ အတ္တစိတ်နဲ့ သေခြင်း တရားကို ကျော်လွှားအောင်နိုင်လောက်အောင် မြင့်မြတ် လှပတင့်တယ်လှတဲ့ ချစ်ခြင်းတရားပါ။

ခေါင်းခါနေပုံထောက်တော့ ဒီလို အချစ်မျိုးကို မင်း မယုံဘူးပေါ့၊ အင်းပေါ့လေ-မင်းက ကျုပ် ဘာပြောနေမှန်းမှ မသိဘဲကိုး၊ စိတ်ရှည်ရှည်နဲ့ စောင့်ကြည့်ပါကွယ်၊ ဒီလေးနှစ်လုံးလုံး ကျုပ် နှလုံးသားထဲမှာ ကိန်းအောင်းနေခဲ့တဲ့ ဒီဇာတ်လမ်းကို မင်း ကြားပြီးရင်တော့ အလုံးစုံ နားလည်သွားပါလိမ့်မယ်၊ စိတ်တော့ ရှည်ရှည်ထားနော်၊ ကဲ- အချိန်လည်း အတော်လင့်သွားပြီ၊ မင်းလည်း ခရီးရှည်ကြီး နှင်လာခဲ့လို့ ပန်းလောက်ပြီ၊ တကယ်လို့ မင်း ဆန္ဒရှိ

မယ်ဆို မနက်ဖြန် ဒီမှာ ပဲ တွေ့ကြဦးစို့ရဲ့၊ ကျုပ် မင်းအဖေကို တွေ့ခဲ့တာ လည်း ဒီနေရာမှာ ပဲလေ။ အဲဒီတုန်းကတော့ သူက မင်း အခု ထိုင်နေတဲ့ နေရာမှာ ထိုင်နေတဲ့ အပြောသမား၊ ကျုပ်က နားထောင်သမားပေါ့၊ တကယ်ပါပဲ၊ ကျုပ်မှာ မယုံသင်္ကာလည်း ဖြစ်ခဲ့ရတယ်၊ စိတ်လည်း ရှုပ်ခဲ့ရ တယ်၊ အင်း-စကားလုံးတွေဟာ အတောင်ပံ ပေါက်နိုင်ရှော့သလား၊ လိပ်ပြာ လို လေဟု နှံစီးနိုင်လေရှော့သလား၊ နားထောင်နေသူကို ဖမ်းစားပြီး တခြားနေရာ တစ်ကမ္ဘာကို ပို့ဆောင် နိုင်စွမ်းများ ရှိလေရှော့သလား၊ ကျုပ် တို့ ရဲ့ နှလုံးအိမ်ထဲက လျှို့ဝှက်အခန်းငယ်လေးတွေကို ဟင်းလင်း ပွင့်စေနိုင် ရှော့သလားပဲ၊ တကယ်ပါပဲ ဂျူလီယာရယ်၊ မင်းအဖေရဲ့ စကားသံမျိုးကို ကျုပ်တစ်သက်နဲ့ တစ်ကိုယ် ဘယ်တုန်းကမှ မကြားဖူးခဲ့ရိုးအမှန်ပါကွယ်။

အဲဒီတုန်းက တိုးတိုးညင်းညင်းလေး ပြောနေခဲ့တဲ့ မင်းအဖေရဲ့ စကားသံ ဟာ တစ်ဆိုင်လုံးက လူတွေကို တုတ်တုတ်မှ မလှုပ်ဘဲ မျက်ရည်ဖြိုင်ဖြိုင် ကျစေတယ်ကွဲ့၊ သူ့စကားလုံးတွေဟာ ဇာတ်လမ်း တစ်ခုကို တည်ဆောက် သွားခဲ့တယ်၊ အဲဒီဇာတ်လမ်းထဲကနေ ဘဝတစ်ခု တိုးထွက်လာခဲ့တယ်၊ ဆန်းကြယ်လှတဲ့ ပဋ္ဌလက်စွမ်းအားတွေကို ခင်းကျင်းပြသွားတဲ့ ဘဝတစ်ခု ပေါ့၊ ဒါကို ကြားခွင့်ရပြီးချိန်ကစလို့ ကျုပ်ဟာ မင်းဖေဖေ ယုံကြည်သလို စွဲ စွဲမြဲမြဲ ယုံကြည်ခဲ့တော့တယ်လေ၊ မင်းအဖေ ပြောသွားခဲ့တဲ့ စကားလုံးတွေ က 'ဦးဘရေ..ကျွန်တော်က ဘာသာရေးသမား မဟုတ်ပါဘူးဗျာ၊ ကျွန်တော် အသည်းခိုက်အောင် ယုံကြည်တဲ့ တစ်ခုတည်းသောအရာကတော့ ချစ်ခြင်း မေတ္တာပါပဲ'တဲ့ လေ"

ဦးဘက မတ်တတ်ထရပ်လိုက်သည် ။ ကျွန်မကို ဦးညွှတ် လက်အုပ်ချီရင်း ဆိုင်ထဲမှ လျင်မြန် ပေါ့ပါးစွာ ထွက်ခွာသွားခဲ့သည် ။ မြင်ကွင်းထဲမှ သူ ပျောက်ကွယ်သွားချိန်ထိ ကျွန်မ သူ့ကို ငေးကြည့် နေမိသည် ။

'မင်း အချစ်ကို ယုံကြည်လား'တဲ့ ။ ဘယ်လို မေးခွန်းမျိုးပါလိမ့်။ ယုံကြည် ရအောင် အချစ်က ဘာသာတရားလား။ လောကမှာ အကြောက်တရား ထက် ပိုအစွမ်းထက်သော၊ သေခြင်းတရားထက် ပိုချောက်ချားဖွယ် ကောင်းသော အရာသည် နတ္ထိ-မရှိဟု သာ အဘိုးကြီးကို ပြန်ပြောချင်လှ တော့သည် ။ ဘယ့်နှယ်-အဓိပ္ပာယ်မဲ့ လိုက်လေခြင်း။

ခွေးခြေပုလေးမှာ ဆက်ထိုင်နေရင်း အဘိုးအို၏ စကားသံတွေ နားထဲမှာ ပြန်လည် ပဲ့တင်ထပ် လာခဲ့သည် ။ ဖေဖေ့အသံလိုပဲ အေးချမ်းနူးညံ့သည့် ဂီတသံစဉ်လို စကားသံတွေ...စကားလုံးတွေ...။

ခဏလေး ငြိမ်ငြိမ်ထိုင်ပြီး ကျုပ်ပြောတာ နားထောင်နော်၊ ဟုတ်ပလား၊ ဂျူလီယာ-ဂျူလီယာ- ဂျူလီယာ...

မင်း အချစ်ကို ... အချစ်ကို အချစ်ကို ယုံကြည်.. ယုံကြည်.. ယုံကြည်ရဲ့ လား.. လား..လား..လား..လား

မင်းအဖေ ပြောသွားတဲ့ စကားလုံးတွေ..တွေ...တွေ..တွေ..

ခေါင်းထဲက ထိုးကိုက်လာသည် ။ ပင်ပန်းလှပြီကွယ်။ မဆုံးနိုင်သည့် ချောက်အိပ်မက်ဆိုးကြီးထဲ မျောနေရာက ရုတ်တရက်လူပ်နိူးခံလိုက်ရသလို ပါပဲ။ ယင်ကောင်တွေက ကျွန်မကို ဝိုင်းကြီးပတ်ပတ် ဒူဝေဝေလုပ်ရင်း ဆံပင်တွေပေါ်၊ နဖူးပေါ်၊ လက်ပေါ် လာနားနေကြသည် ။ သူတို့ ကို မောင်း ထုတ်ပစ်ဖို့ အားအင်ဟူ၍ တစ်စက်ကလေးမျှပင် မကျန်ရစ်တော့။ စားပွဲပေါ် မှ မုန့်အချို့သုံးခုက ခြောက်သွေ့လျက်၊ စားပွဲက သကြားရည်တို့ ဖြင့် စေး ထန်းလျက်။

အေးစက်နေသည့် လက်ဖက်ရည်ကို တစ်ငုံ ငုံမိသည် ။ လက်တွေက တ ဆတ်ဆတ် တုန်လျက်။ သူ့ကို ရပ်ခိုင်းပြီး ထထွက်သွား၍ ရပါလျက်ကယ်နှ င့် ဘာဖြစ်လို့ များ ဒီသူစိမ်းတစ်ရံစာ အဘိုးကြီး စကားကို အချိန်ကြာမြင့်စွာ

နားထောင်နေခဲ့မိသလဲ။ တကယ်လည်း ထွက်သွားဖို့ ကြံခဲ့သေးသည် လေ။ ဂျူလီယာ…ဂျူလီယာဝင်း ဆိုသည့် အသံက ကျွန်မ ထထွက်မသွားနိုင်အောင် ကုပ်ဖမ်းဆွဲထားခဲ့သည် ကော။ သူ ဘယ်လိုများ သိပါလိမ့်။ သူ ဖေဖေ့ကို တကယ်ပဲ သိသလား၊ ဒါဆို ဖေဖေနဲ့ သူ ဘယ်တုန်းက နောက်ဆုံးတွေ့ခဲ့သလဲ၊ ဖေဖေ ခုထိ သက်ရှိထင်ရှား ရှိနေသေးသလား၊ ဒါဆို ဘယ်မှာများ ပုန်းနေရော့သလဲ ဖေဖေရယ်။

***

အခန်း( ၂ )

*

စားပွဲထိုးကောင်လေးက ကျသင့်ငွေကို လက်မခံခဲ့။

လက်ဖက်ရည် ပန်းကန်အောက်မှာ ပိုက်ဆံ နွမ်းနွမ်းလေး တစ်ရွက်ညှပ်ထည့်ပြီး လက်ညှိုး ထိုးပြတော့ သူက ပြုံးရင်း-

"ပေးဖို့ မလိုကော၊ ဦးဘမိတ်ဆွေ ကျုပ်မိတ်ဆွေ"

ဟု ခေါင်းကလေး ညွှတ်ကာ ညွှတ်ကာ ပြောနေသည် ။ ဘယ်လိုပါလိမ့်... ပိုက်ဆံက နည်းလို့ လား၊ စုတ်ပြတ်နွမ်းဖပ်နေလို့ လား၊ ပိုတန်ကြေးကြီးသော ပိုသစ်သောပိုက်ဆံတစ်ရွက် ထပ်ထုတ်ပေးတော့လည်း ထိုနည်းလည်းကောင်း၊ အကြောင်းမထူး။

အပြင်ဘက်မှာ အပူရှိန်က ပို၍ တောင် ပြင်းချေသေးသည် ။ ပူလွန်းအားကြီး၍ ပျော့ခွေ သွားမတတ်ပါပဲ။ လက်ဖက်ရည်ဆိုင် အမိုးရိပ်အောက်မှ ခြေတစ်လှမ်းတောင် မထွက်နိုင်။ နေရောင်က ကျွန်မအသားကို လောင်၏။ မျက်လုံးကို စူးစူးဝါးဝါး ထိုး၏။ ဘေ့စ်ဘောဦးထုပ်ကို ထုတ်ကာ ခပ်ငိုက်ငိုက် ဆောင်းလိုက်ရသည် ။

လမ်းပေါ်မှာ လူတွေအပြည့်ပါပဲ။ သို့သော်လည်း ကြောက်စရာကောင်းလောက်အောင် တိတ်ငြိမ်လွန်းသည် ။ ဆူညံသံ ထွက်စရာ စက်တပ်ယာဉ်လည်း မရှိဘဲကိုး။ လူတွေက လမ်းလျှောက် သူလျှောက်၊ စက်ဘီးစီးသူ စီးကြ၏။ လမ်းဆုံမှာ မြင်းလှည်း သုံးစီးနှင့် နွားလှည်း တစ်စီး တွေ့သည် ။

ရှားရှားပါးပါး တစ်စီးတလေ တွေ့ရသည့် မော်တော်ကားတို့ မှာ လူအပြည့်၊ ကုန်အပြည့် သံချေး အလိမ်းလိမ်းနှင့် ဂျပန်ပစ်ကပ်ဟောင်းများ သာ။

လမ်းဘေးတစ်ဖက်တစ်ချက်မှာ တော့ သွပ်မိုးထားသည့် သစ်သား တစ်ထပ်ဆိုင်ကလေးများ တန်းစီနေသည် ။ ဆန်၊ မြေပဲ၊ ဟင်းခတ်အမွှေးအကြိုင်များမှ သည် ရှန်ပူ၊ ကိုလာနှင့် ဘီယာများ ထိ ရောင်းချနေကြသည် ။ ကြုံသလို ခင်းကျင်းရောင်းချနေပုံပင်။ ဈေးဆိုင် နှစ်ဆိုင် သုံးဆိုင်ခြားကို လက်ဖက်ရည်ဆိုင် တစ်ဆိုင် ရှိနေသည် ။ အနီရောင်၊ အစိမ်းရောင် တဘက်ကြီးတွေ ခေါင်းပေါင်းထားသူတွေ စားပွဲဝိုင်းတွေမှာ ထိုင်နေကြသည် ။ ယောကျ်ားတွေအားလုံးလိုလို ဘောင်းဘီရှည် မဝတ်ကြ၊ ပတ်၍ ရသော စကတ်လို လုံချည် ဆိုတာတွေ ကိုယ်စီ ဝတ်ဆင်လျက်။

ကျွန်မ ရှေ့တူရူမှ လျှောက်လာသည့် အမျိုးသမီးနှစ်ဦးမှာ မျက်နှာပြင်တစ်ခုလုံး ဝါတာတာ မှုန်ညက်ညက်(သနပ်ခါး)အရာကို လိမ်းကျံလျက် ဆေးပေါ့လိပ်ကြီးများ ကိုယ်စီ ဖွာရှိုက်ရင်း ဖေဖေ့ထံပါးမှာ အမြဲတွေ့ရပြီး ကျွန်မ သဘောကျ နှစ်ခြိုက်လှသည့် နွဲ့နှောင်းပေါ့ပါးသည့် ကိုယ်ဟန်ခြေလှမ်းများ ဖြင့် လျှောက်လှမ်းနေကြသည် ။

သူတို့ က ကျွန်မကို စူးစူးရဲရဲ ကြည့်ကြသည် ။ မျက်နှာများက မခို့တရို့ ပြုံးစစနှင့် ။ ထိုအပြုံးတို့ ၏ အဓိပ္ပာယ်ကို ကျွန်မ မသိပါချေ။ အခြားသူတွေကလည်း ကျွန်မကို ခေါင်းညိတ် နှုတ်ဆက်ကြပြန်သည် ။ ဘယ်လိုပါလိမ့်၊ သူတို့ အားလုံး ကျွန်မကို သိနှင့် နေကြသလား၊ ဦးဘ ပြောခဲ့သလို ကျွန်မရောက်အလာကို ငံ့လင့်နေကြရော့သလား။ မသိ…မသိတော့ပါ။ သူတို့ ကို မကြည့်မိအောင် ကြိုးစားပြီး မြန်နိုင်သမျှ အမြန်ဆုံးနှုန်းဖြင့် လျှောက်လာခဲ့သည် ။ မျက်လုံးတို့ ကို အဝေးတစ်နေရာဆီသို့ ပို့လွှတ်ရင်းပေါ့။

နယူးယောက်ကို လွမ်းလှသည် ။ အချိန်ပြည့် လူတွေ ကျပ်ခဲနေသည့်

လမ်းမတွေ၊ ဘယ်သူ့ကိုမျှ စိတ်ဝင်စားခြင်း အလျှင်းမရှိဘဲ ချဉ်းကပ်ဖို့ ခက်လှသည့် လမ်းသွားလမ်းလာတွေ၊ ကျွန်မ အခြေခိုင် အသားကျနေသည့် ထိုနေရာကို ပြန်ချင်စိတ်တွေ ငမ်းငမ်းတက်လာခဲ့သည် ။

ကိုက်တစ်ရာခန့်လျှောက်မိတော့ လမ်းက နှစ်ခြမ်းကွဲထွက်သွားသည် ။ ကျွန်မဟိုတယ်က ဘယ်လမ်းမှန်း မမှတ်မိ။ မြင်ကွင်းက ကြည့်လေရာ အတူတူချည်း။ အရာရာသည် ကျွန်မနှင့် စိမ်းနေသည် ။ အကျွမ်းဝင်မှု ကင်းမဲ့နေသည် ။ ကြောက်စရာ ကောင်းနေသည် ။

"မစ္စဝင်း...မစ္စဝင်း"

တစ်စုံတစ်ယောက်၏ အော်ခေါ်သံကို ကြားလိုက်ရသည် ။

သမင်လည်ပြန် လှည့်ကြည့်လိုက်သည် ။

လူငယ်တစ်ယောက် ရပ်နေ၏။ ဟိုတယ်က ဝန်ထမ်းလား၊ ရန်ကုန်လေဆိပ်က အသိအကျွမ်းလား၊ မြင်းလှည်းမောင်းသမားလား၊ လက်ဖက်ရည်ဆိုင်က စားပွဲထိုးလေးလား မမှတ်မိ။

"ဘာရှာနေသလဲ မစ္စဝင်း၊ ကျွန်တော် ဘာကူညီရမလဲ"

"ရပါတယ် မလိုပါဘူး၊ ကျေးဇူးတင်ပါတယ်"

ချက်ချင်းပဲ မနက်က ချက်အင် ဝင်ခဲ့သည့် ဟိုတယ်အခန်းသို့ ပြန်ရောက်လိုစိတ်တွေက လွှမ်းမိုး လာသဖြင့်-

"အင်း-ကျွန်မ ဟိုတယ်"ဟု ပြောလိုက်မိသည် ။

"ဟောဟိုတောင်ကုန်းပေါ်မှာ ပါ၊ ဟုတ်ကဲ့ ညာဘက်ကို ခင်ဗျ၊ ငါးမိနစ်လောက် လျှောက်ရင် ရောက်ပါပြီ"

"ကျေးဇူးတင်ပါတယ်"

"ကိစ္စမရှိပါဘူး၊ ခင်ဗျား ကျွန်တော်တို့ မြို့မှာ ပျော်မယ်လို့ မျှော်လင့်ပါ

တယ်ဗျာ၊ ကလောက ကြိုဆိုပါတယ်"

သူက ပြုံးချိုစွာ ပြောနေစဉ်မှာ ပဲ ကျွန်မ လှည့်ထွက်ခဲ့လိုက်သည် ။

ဟိုတယ် ပြန်ရောက်တော့ အပြုံးပန်းဝေကာ ကြိုဆိုနေသည့် ဧည့်ကြိုကောင်တာစာရေးကို ခပ်သွက်သွက်ဖြတ်ကျော်၊ ရောမ လှေကားထစ်ကြီးများကို ကျော်နင်းရင်း ဒုတိယထပ်ရှိ အခန်းထဲ ဝင်ကာ ခုတင်ပေါ် ပစ်လှဲချလိုက်သည် ။

နယူးယောက်-ရန်ကုန် ခရီးစဉ်သည် ၇၂ နာရီကျော် ကြာမြင့်ခဲ့သည် ။ ပြီးတော့ တစ်ညလုံးနှင့် တစ်မနက်ခင်းလုံး လူတွေရော၊ ကြက်တွေရော၊ ပစ္စည်းတွေရော ကျပ်ညပ်နေသည့် ဘတ်စ်ကားဖြင့် ခရီးဆက်ခဲ့ကြသည် ။ ပင်ပန်းလိုက်သည့် ဖြစ်ခြင်း။ ဒီတိုင်းပြည်၏ မြို့တော် ဆိုတာကနေ ခုဇနပုဒ် ကလေးကို ရောက်ဖို့ အတွက်ပေါ့။

တကယ်တော့ ကျွန်မ အိပ်ပျော်နေသင့်ပြီ။ နေလုံးပျောက်၍ အမှောင်ရောက်လာခဲ့ပြီ။ ခရီးဆောင် သေတ္တာက ဟိုဘက်ခုတင်ပေါ်မှာ တင်ထားသည့် အတိုင်း အရာမယွင်း။ ကိုယ့်ကိုယ်ကိုယ် ဘယ်နေရာ ရောက်နေမှန်း သေချာစေဖို့ တစ်ခန်းလုံး မျက်စိကစားကြည့်မိပြန်သည် ။ မျက်နှာကြက်မြင့်ကြီးပေါ်မှ ပန်ကာဟောင်းကြီး တွဲရရွဲကျနေသည့် အခန်းကြီးက အတော်ကြီး၏။ ပရိဘောဂဟောင်းများကြောင့် အဟောင်းအမြင်းနဲ့ ထွက်နေသည် ။ အဝတ်ဗီရို၊ ပြတင်းပေါက်၊ စားပွဲ ကုလားထိုင်နှင့် ခုတင်နှစ်လုံးကြားမှ ညစားပွဲကလေး၊ နံရံ ဖြူညစ်ညစ်တို့ ကတော့ မှန်တွေ၊ ပန်းချီကားချပ်တွေ ဘာမျှမရှိ၊ ဒီအတိုင်း ဝတ်လစ်စားလစ်။

ကြမ်းခင်း ပျဉ်ချောတုံးကလေးများက ဟောင်းနွမ်းချောမွတ်လျက်။ တစ်ခန်းလုံးမှာ အသစ်လွင်ဆုံးဆို၍ ကိုရီးယားလုပ် ရေခဲသေတ္တာအသေးလေးသာ ရှိသည် ။ သို့သော်လည်း ရေခဲသေတ္တာက အလုပ်မလုပ်။ ဖွင့်ထားသည့်

ပြတင်းမှ တစ်ဆင့် လေအေးများကတော့ ဝင်လာခဲ့ပြီ။

ညီအစ်ကို မသိတသိအချိန် ရောက်လာတော့ နေ့လယ်က အဘိုးအိုနှင့် တွေ့ဆုံခဲ့သည့် ပုံရိပ် မြင်ကွင်းတို့ က ပို၍ ပို၍ ဒြပ်မဲ့ကာ ဒဏ္ဍာရီဆန်လာခဲ့သည် ။ မပီဝိုးတဝါး ဖြစ်လာခဲ့သည် ။ မထင်မရှား ဖြစ်လာခဲ့သည် ။ မှတ်မိဖို့ အပြင်းအထန် ကြိုးစားကြည့်သည် ။ သူက ဝါကြင့်ကြင့် အဖြူရောင် ရှပ်အင်္ကျီ၊ အစိမ်းရောင်လုံချည်နှင့် ရော်ဘာညှပ်ဖိနပ်များ ဝတ်ဆင်ထားသည် ။ ဆံပင်ကတော့ ဖြူလွှလွှ ထူထူထဲထဲပင်။ မျက်နှာက အရေးအကြောင်းတို့ ကလည်း ထင်ရှားလှသည် ။ သူ့အသက် ဘယ်လောက်လဲ။ ခြောက်ဆယ်လား၊ ခုနစ်ဆယ်လား မသိနိုင်။ သူ့နှုတ်ခမ်းတွေပေါ်မှာ ကျွန်မဘယ်လိုမှ အဓိပ္ပာယ် မဖော်တတ်သည့် အပြုံးတစ်ခုက ရှိနေခဲ့သေးသည် ။ သူ ကျွန်မထံက ဘာများ လိုချင်ပါလိမ့်။

ငွေများ လား၊ သူ ငွေအကြောင်း တစ်လုံးတစ်ပါဒမျှ မပြောခဲ့။ သို့သော်လည်း သူ့အဝတ်အစား တွေ ကြည့်ရတာဖြင့် ငွေလိုချင်သည် မှာ အထင်အရှား။ သူ ကျွန်မနာမည်ကို ဟိုတယ်မှာ စုံစမ်းလိမ့်မည်။ ဧည့်ကြိုစာရေးနှင့် သူ မဟာမိတ်တွေ ဖြစ်နိုင်သည် ။ ပြီးတော့ ကျွန်မ အထင်ကြီးအောင် ရှေ့ဖြစ်ဟော သလိုလို၊ နိမိတ်ဖတ်သလိုလို၊ ဗေဒင်ပညာရှင်လိုလိုနှင့် လာလုံးခြင်း ဖြစ်မည်။ ဟင့်အင်း၊ ဒါမျိုး ကျွန်မ အထင်မကြီး။ အဘိုးကြီး အလကား အချိန်ဖြုန်းနေခြင်းသာ။

သူ ဖေဖေ့ကို တကယ် သိခဲ့သလား။

ဦးဘရေ၊ ကျွန်တော်က ဘာသာရေးသမား မဟုတ်ပါဘူးဗျာ။ ကျွန်တော် အသည်းခိုက်အောင် ယုံကြည်တဲ့ တစ်ခုတည်းသော အရာကတော့ ချစ်ခြင်းမေတ္တာပါပဲဟု သူ့ကို ဖေဖေ တကယ်ပဲ ပြောခဲ့သလား။ ဟင့်အင်း-ဖေဖေက ဒီလို ပြောဖို့ တစ်ယောက်တည်း ရှိနေရင်တောင် စဉ်းစားမိမယ် မထင်။

သူစိမ်းတစ်ယောက်ကို ပြောဖို့ ဆိုတာတော့ ဝေလာဝေးပေါ့။ နေစမ်းပါဦး၊ အဲလိုပြောရအောင် ညည်းက ညည်းအဖေအကြောင်း ဘယ်လောက်များ သိလို့ လဲ ဂျူလီယာ၊ ညည်း သိလှပါချေရဲ့ ဆိုတဲ့ ညည်းအဖေ ဆိုတာ ခုလိုမျိုး စာလေးတစ်လုံးတောင် ရေးမသွားဘဲ မြေလှိုးမိုးပျံသလို စုပ်စမြုပ်စ ပျောက်သွားတတ်တဲ့ လူမျိုးလား။ ဘာဆို ဘာမှ မပြောဘဲ မိသားစုကို ထားသွားရက်တဲ့ လူမျိုးလား။

ရဲဌာနကတော့ ဖေဖေ့ခြေရာသည် ဗန်ကောက်တွင် အစပျောက်သွားခဲ့သည် ဟု ဆို၏။ ထိုင်းမှာ သူ လုယက် သတ်ဖြတ်ခံလိုက်ရသည် ဟု ယူဆကြသည် ။

ဒါမှ မဟုတ် ထိုင်းပင်လယ်ကမ်းခြေတစ်ခုမှာ နှစ်ပတ်လောက် အနားယူအပန်းဖြေခရီးသွားရင်း ရေနစ် သေဆုံးရခြင်းများ လား။ ဒါကတော့ ဖေဖေပျောက်ဆုံးမှုအတွက် ကျွန်မတို့ မိသားစု၏ တရားဝင် ရသေ့စိတ်ဖြေ အကြောင်းပြချက်တစ်ခုသာ။

သေမှုသေခင်း စုံစမ်းရေးအဖွဲ့ကတော့ ဖေဖေ၏ နှစ်မြှောက်ခွဲနေသည့် ဘဝကို သံသယ ရှိကြသည် ။ သူ့ဘဝရှေ့ပိုင်း ပထမ နှစ်ပေါင်းနှစ်ဆယ် အကြောင်းကို ဘာဆို ဘာမှ မသိ ဟူသည့် မေမေ့ ဖြောင့်ချက်ကိုလည်း သူတို့ လက်မခံချင်ကြ။ ဖေဖေ ပျောက်ဆုံးမှုမှာ မေမေပင်လျှင် ကြံရာပါလေလားဟု သူတို့ သံသယ ဖြစ်ကြသေးသည် ။ သို့သော်လည်း ဖေဖေ့ သေဆုံးမှုမှာ အသက်အာမခံနှင့် တခြားငွေကြေး အကျိုးအမြတ် တစ်စုံတစ်ရာ ဘာမျှ မရှိသည့် အချက်က ထင်ရှားလှသဖြင့် နောက်ဆုံးမှာ တော့ သံသယ အားလုံးကို ခဝါချခဲ့ရသည် ။ ဖေဖေ့မိသားစု အရင်းအချာဖြစ်သော ကျွန်မတို့ အဖို့ ကတော့ ကျွန်မတို့ ဖေဖေ၏ ပျိုနုစဉ် ပထမ နှစ်နှစ်ဆယ် အကြောင်း ဘာဆိုဘာမှ မသိကြကြောင်း ထင်ရှားသထက် ထင်ရှား ခဲ့ရ

တော့သည် ။

***

# အခန်း( ၃ )

*

ဖေဖေ့အကြောင်း နောက်ဆုံးအမှတ်ရချိန်သည် လွန်ခဲ့သည့် လေးနှစ်က ဖြစ်၏။ ကျွန်မ ဥပဒေကျောင်းမှ ဘွဲ့ရပြီး နောက်တစ်နေ့မနက်တွင် ဖြစ်၏။ ဘွဲ့ရသည့် ညနေက ကျွန်မကို ဂုဏ်ပြုပွဲ ကျင်းပခဲ့ကြသည် ။ ထူးထူးဆန်းဆန်း ထိုညက ကျွန်မ အိမ်မပြန်လိုခဲ့။ ကလေးဘဝက ရရှိခဲ့သည့် လုံခြုံစိတ်ချမှုမျိုး တစ်ဖန် ပြန်လည် လိုချင်နေခဲ့သည် ။ တစ်ခါလောက်ပဲ ဖြစ်ဖြစ်ပေါ့။

ထိုခံစားမှုကပင် ကျွန်မမှာ ရှေ့ဖြစ်နိမိတ်ဖတ် စွမ်းရည်မျိုး ရနေခဲ့သည်လား မပြောတတ်ပါတော့။

ထိုနေ့နံနက်မှာ ဖေဖေက ကျွန်မကို အစောကြီး နှိုးခဲ့သည် ။ ကျွန်မ၏ ခုတင်ခြေရင်းမှာ သူ ဝတ်နေကျ မီးခိုးရောင် ဂရိတ်ကုတ်၊ ဘော်ဆယ်လီနို ဦးထုပ်ညိုတို့ ကို ဆင်မြန်းရင်း ဖေဖေ ရပ်နေခဲ့သည် ။ ကလေးပေါက်စဘဝကတည်းက မြင်နေကျ သူ၏ မပြောင်းလဲသော အ လုပ်သွားဝတ်စုံပါပဲ။ မနက်တိုင်း ပြတင်းပေါက်မှ တစ်ဆင့် လက်ဝှေ့ယမ်းပြရင်း ဖေဖေ့ကို မသွားစေလို၍ ငိုခဲ့ရသည် မှာ လည်း အကြိမ်ကြိမ် အခါခါ။ အိမ်တံခါးမှ ထွက်၊ ခြေသုံးလှမ်းလှမ်းပြီး ကားမောင်းသမား အသင့် စောင့်ဆိုင်း နေသည့် ဇိမ်ခံကားထဲ ဝင်ရသည့် အခိုက်အတန့် ကာလကလေးကိုပင် ဖေဖေသည် ဂရိတ်ကုတ်နှင့် ဦးထုပ်ကို အစဉ်ထာဝရ ဆင်မြန်းထားတတ်သည် ။ ကုတ်နှင့် ဦးထုပ်များကို မကြာ မကြာ ဝယ်ယူ တတ်သော်လည်း ညအိပ်

ဝတ်ရုံကိုတော့ ဘယ်သောအခါမှ အသစ် မဝယ်။ ဝယ်သမျှ ဦးထုပ်တွေက လည်း ဘော်ဆယ်လီနိုတွေချည်း၊ ဖေဖေ့မှာ ဘော်ဆယ်လီနို ခြောက်လုံး တိတိ ရှိသည် ။ အနက် နှစ်လုံး၊ အညို နှစ်လုံး၊ မိုးပြာရောင် နှစ်လုံး။ အင်မတန် ဈေးကျ ရိုးရာဆန်လှသည့် နယူးယောက် ဟေဘာဒတ်ရှ်ရှာလို နေရာမျိုးမှာ ပင် အသင့်ချုပ် ဂရိတ်ကုတ် ဝယ်မရတော့သည့် အခါမတော့ ဖေဖေသည် ဂရိတ်ကုတ်များကို စပယ်ရှယ် ချုပ်၍ ဝတ်တော့သည် ။

ဘော်ဆယ်လီနိုကတော့ သူ့အဆောင်လက်ဖွဲ့လိုကို ဖြစ်၍ နေသည် ။ ပထမဆုံး အလုပ် အင်တာဗျူးကို ဘော်ဆယ်လီနို ဆောင်း၍ ဖြေသဖြင့် အလုပ်ရခဲ့သည် ကိုး။ ဦးထုပ်ကိုလည်း သူ ကြိုက်၍ ဖြစ်ပေလိမ့်မည်။ မ ပြောင်းမလဲစတမ်း ဘော်ဆယ်လီနိုကို ဆောင်းလာခဲ့ရာ တဖြည်းဖြည်း ခေတ်နောက်ကျ ဈေးဆန်ပြီး ၁၉၅၀ ကျော် ရုပ်ရှင်များ ထဲမှာ တွေ့ရတတ် သည့် ဇာတ်ကောင်သဖွယ် တစ်ဦးတည်း ထီးတည်းကျန်သည် အထိ သူ ဘော်ဆယ်လီနိုကို ဆောင်းမြဲဆောင်းဆဲ။ ဆယ်ကျော်သက် တစ်ဦးအဖို့ ဖေ ဖေ့ အမူအရာနှင့် ဝတ်စားဆင်ယင်မှုက ကျွန်မကို စိတ်ကသိကအောက် ဖြစ် စေသည် မှာ လည်း အမှန်။ ဝတ်ပုံစားပုံ ဈေးဆန်ရသည့် အထဲ ကျွန်မကို ကျောင်းလာကြို၍ ကျွန်မ သူငယ်ချင်းများ ၏ အမေများ နှင့် တွေ့လျှင် ဦးညွှတ် နှုတ်ဆက်တတ်သေးသဖြင့် သူငယ်ချင်းများ ရယ်သွမ်းသွေး ကြ သည် မှာ လည်း ခဏ ခဏ။ ခေါင်းစွပ်၊ လုံးစွပ်၊ တီရှပ်၊ ဂျင်းတို့ ကို ဘယ် သောအခါမှ သူ မဝတ်။ ထိုဝတ်ပုံစားပုံတို့ ကို သူအထင်သေး၏။ သက်သာရာသက်သာကြောင်း ရှာတတ်သည့် လူ့ အောက်တန်းစား စရိုက် ဟု သူ ဆိုတတ်သည် ။

ဖေဖေက ကျွန်မကို လေသံလေးနှင့် ခေါ်၏။ ယနေ့ ဘော်စတွန်မှာ အလုပ်ကိစ္စရှိ၍ သွားရမည် ဖြစ်ကြောင်းနှင့် ဘယ်အချိန် ပြန်ရောက်မည်ကို

မပြောနိုင်သေးကြောင်း ပြောသည် ။ ဒီလိုဆို နောက်နှစ်ရက် အတွင်း ပြန်မရောက်သည် က သေချာ၏။ သူ့အလုပ်ဇယားသည် သူ့နာရီလိုပင် တိကျသေချာလှသည် မဟုတ်လော။ အမှန်တော့ ဖေဖေ ဘော်စတွန်သို့ အကြိမ်ပေါင်းများ စွာ သွားခဲ့ဖူးသော်လည်း ဘယ်တုန်းကမှ ညအိပ်ညနေ နေလေ့မရှိသည် ကို ကျွန်မ သတိမပြုနိုင်လောက်အောင် ပင်ပန်းလွန်းနေခဲ့သည် ။ သူက ကျွန်မ နဖူးကို နမ်းရင်း-

"ကလေးလေး၊ ဖေဖေ အရမ်းချစ်တယ်နော်၊ ဒါကို ဘယ်တော့မှ မမေ့နဲ့ ၊ ကြားလား"

ဟု ခပ်တိုးတိုး ပြောသည် ။

ကျွန်မ အိပ်ချင်မူးတူးဖြင့် ခေါင်းညိတ်ပြရင်း-

"အင်း-သမီးလည်း ဖေဖေ့ကို ချစ်ပါတယ်"

ဟု ပြန်ပြောရင်း ခုတင်ပေါ် လိမ့်ကာ မျက်နှာကို ခေါင်းအုံးဖြင့် အပ်ရင်း ပြန်အိပ်ပျော် သွားခဲ့သည် ။ ထိုအချိန်မှ စ၍ ဖေဖေ့ကို ကျွန်မ နောက်ထပ် မတွေ့ရတော့ပါ။

တစ်ခုခု မှားနေခဲ့ပြီ ဆိုခြင်းကို ထိုနေ့ မနက် ဆယ်နာရီလောက်မှာ စတင်သိရှိခဲ့ရသည် ။ အိပ်ချင်မူးတူးဖြင့် အိပ်ရာထပြီး မီးဖိုချောင်ထဲ ဝင်သွားတော့ မေမေက နံနက်စာ အဆင်သင့် တည်ခင်းရင်း ကော်ဖီတစ်ခွက်ဖြင့် စောင့်နေခဲ့သည် ။ ကျွန်မတို့ သားအမိနှစ်ယောက်လုံး ညဝတ်အင်္ကျီ ကိုယ်စီနှင့် ။ ထိုင်နေကျ နေရာမှာ နံရံကို မှီရင်း ကုလားထိုင်ပေါ် ခြေထောက်တင်၊ ဒူးနှစ်ဖက်ကို ဖက်ကာ လိမ္မော်ရည် မြို့ရင်း မေမေ့ကို ကျွန်မ၏ နွေရာသီ အစီအစဉ်များ အကြောင်း ပြောပြနေတုန်း ဖုန်းမြည်လာခဲ့သည် ။ ဖေဖေ့ အတွင်းရေးမှူး ဆူဆန် ဆက်ခြင်း ဖြစ်၏။ ဖေဖေ နေမကောင်းဘူးလားတဲ့ ။ ဆယ်နာရီ ချိန်းထားသည့် အမှုသည် က တပူပူ တဆူဆူ လုပ်နေပြီတဲ့ ။

သူ ဘော်စတွန်အကြောင်း တစ်လုံးမျှ ပြောမသွားခဲ့။

အရေးပေါ်ကိစ္စ တစ်ခုခု ဖြစ်မည်ဟု မေမေရော ဆူဆန်ပါ ထင်နေကြသည် ။ အစည်းဝေးခန်းထဲများ ရောက်နေသလား၊ ဘော်စတွန်သွားလေယာဉ်ပေါ် တက်နေသလား၊ တစ်ခုခုပေါ့။

မနက်စာကို စားနေရင်း ကျွန်မ ထိုကိစ္စကို တွေးကာ စိတ်ပူလာသော်လည်း မေမေကတော့ တုံဏှိဘာဝေသာ။ ထို့ကြောင့် ကျွန်မလည်း အသာမေ့ထားလိုက်သည် ။ စားပြီးတော့ ဖြီးလိမ်းပြင်ဆင် ကြပြီး ဗဟိုပန်းခြံကို ဖြတ်ကာ ဘာ့ဂ်ဒေါ့ဖ် ဂွတ်မန်းဆီ ချီတက်ကြသည် ။ နွေဦးရာသီဖြစ်သဖြင့် နယူးယောက်သည် အစွမ်းကုန် လန်းဆန်းနေသည် ။ ပန်းခြံမှာ လူတွေ စည်ကားလှသည် ။ မြက်ခင်းရနံ့ လေးတွေက သင်းပျံ့လျက်။ အဘိုးကြီးနှစ်ယောက် လက်ချင်းချိတ်ကာ စကိတ်စီးရင်း ကျွန်မတို့ ရှေ့မှ ဖြတ်ကျော်သွားသည် ။

မေမေက တစ်လမ်းလုံး ကျွန်မလက်ကို တွဲထားသည် ။ ဘာ့ဂ်ဒေါ့ဖ်ဂွတ်မန်း ရောက်တော့ အဝါရောင် ဝတ်စုံတစ်ထည် ကျွန်မဖို့ ဝယ်ပေးသည် ။ ဝယ်ခြမ်းစရာတွေ ကုန်တော့ ပလာဇာမှာ လက်ဖက်ရည်သောက်ဖို့ ထွက်လာခဲ့ကြသည် ။

ပလာဇာဟိုတယ်ကို ကျွန်မ သိပ်မကြိုက်လှပါ။ ပြင်သစ် ရီနေဆွန်းစတိုင်ဟိုတယ်က ကျွန်မ အတွက် ခမ်းနားကြီးကျယ်လွန်းလှသည် ။ မေမေကတော့ မရ။ ဒီဟိုတယ်ကို အင်မတန် သဘောကျလှသည် ။ ပြင်သစ်စားပွဲထိုးများ ၏ သုတိသာယာ နူတ်ခွန်းဆက်သံ 'မင်္ဂလာပါ မဒမ်ဝင်း ခင်ဗျား' ဆိုသည် ကို သူ နှစ်ထောင်းအားရ ရှိလှသည် ။ ကိတ်တွေ၊ အချိုမုန့်တွေ ရေခဲမုန့်တွေ ဘူဖေးစတိုင် တည်ခင်းထားသည့် စားပွဲမှာ ထိုင်ကြသည် ။ တယောသမား နှစ်ယောက်က ဗီယင်နာ ဝေါ့ဇ်တေးသွား ကို တီးခတ်နေခဲ့

သည် ။ မေမေက ဘလီးနစ် ကားဗီးယားငါးဥနှင့် ရှန်ပိန် နှစ်ခွက် မှာ လိုက် သည် ။

"ဘာဖြစ်လို့ တုံး မေမေ၊ ဘာများ အောင်ပွဲခံစရာ ရှိလို့ လဲ"

"သမီး ဘွဲ့ရတဲ့ အတွက်ပေါ့ အချစ်ဆုံးလေးရဲ့ "

ဘလီးနစ် ကားဗီးယားက ငန်လွန်းသည် ။ ရှန်ပိန်က နွေးလွန်းနေသည် ။ မေမေက စားပွဲထိုးကို လက်ယပ်ခေါ်လိုက်သည် ။ ဇာတ်လမ်းကတော့ စချေပြီ။

"ထားလိုက်ပါ မေမေရယ်၊ အဆင်ပြေပါတယ်"

မရ...မရ...မရပါချေ။

"သမီး အသာနေစမ်း"

ဟု ပင် ခပ်ထန်ထန် မာန်နေခဲ့ပြီ။ ကျွန်မကို ဘာမျှ မသိ နားမလည်သည့် ပီဘိ ကလေးငယ်လို သဘောထားနေပြီ။

စားပွဲထိုးလေး ရောက်လာတော့ ပယ်ပယ်နယ်နယ် ပျစ်ပျစ်နှစ်နှစ် ပြော တော့သည် ။ စားပွဲထိုးခမျာ တောင်းပန်ရင်း အရည်ပျော်တော့မတတ် ဖြစ် နေရှာသည် ။ မေမေ့အသံက အေးစက် မာကျောလွန်းလှသည် ။ ကျွန်မ နေ မထိ ထိုင်မသာ ဖြစ်လာခဲ့ပြီ။

ဟော-သူ ကျွန်မကို ကြည့်နေပြီ။

"ဒီဟာတွေကို စားမကောင်းဘဲ သမီး စားမယ် မဟုတ်လား"

ကျွန်မ ယောင်နန ခေါင်းညိတ်ပြလိုက်တော့-

"ဟင်း-ညည်းအဖေလည်း ဒီတိုင်းပဲ၊ လိုက်လည်း လိုက်တဲ့ သားအဖအေ"

ဟု မြည်တွန် တောက်တီးတော့သည် ။

"ဘာဖြစ်လို့ လဲ မေမေ"

"ဒါရိုကျိုးတာလား၊ နှိမ့်ချတာလား၊ လိုဘနည်းတာလား၊ ပြီးပြီးရော သဘောထားတာလား၊ ပြဿနာဖြစ်မှာ ကြောက်တာလား၊ ဒါကိုပဲ သဘောကောင်း မနောကောင်းလို့ ပြောကြတာလား သိတော့ပါဘူးအေ"

"ဩော်...ဘယ်က သဘောကောင်း မနောကောင်းက ပါလာရပြန်တာလဲ လို့ "

"ညည်းတို့ သားအဖလေ၊ နှစ်ယောက်လုံး တစ်ပုံစံတည်း၊ စားပွဲထိုး ချပေးတာစား၊ ခေါင်းငုံ့ ပြန်လာကြတဲ့ ဟာတွေ၊ တစ်ခါမှ ကို စောဒကမတက်ဖူးဘူး၊ သဘောကောင်း၊ မနောကောင်းကြီး တွေလေ"

မေမေ ဘာလို့ ဒီလောက် ဒေါသထွက်နေမှန်း မသိ။ ရှန်ပိန်က နွေးပြီး ကားဗီးယားက ဆားငန် နေလို့ တော့ မဟုတ်တန်ရာ။

"ဩော်...မေမေကလည်း ဘာမှ အရေးကြီးတာမှ မဟုတ်တဲ"

ထိုစကား တစ်ဝက်သာ မှန်၏။ ကျွန်မက စောဒကတက်ရမည်ကို မုန်း၏။ ဘာမျှ မဟုတ်တဲ ဆူပူ သောင်းကျန်းတာကို နည်းနည်းမျှ မကြိုက်။ ရှက်၏။ ဖေဖေကတော့ တစ်မျိုး တစ်ဘာသာ ဖြစ်သည် ။ သူက ဒီလို အခြေအနေမျိုးကို လုံးဝဥဿုံ ဥပေက္ခာပြုထားနိုင်သူသာ။ သူ့ရှေ့က ဖြတ်သွားသမျှ လူတိုင်းကို ပြုံးပြတတ်သည် ။ ပြန်အမ်းငွေကို ဘယ်သောအခါမှ ရေတွက်ခြင်း မပြု။ မေမေကတော့ တစ်ဆင့်၊ နှစ်ဆင့်က အစ ရေတွက်တတ်သည် ။ ဖေဖေနှင့် မေမေမှာ တကယ့်ကို ဘာအသွင်မျှ မတူသည့် အိမ်ထောင်ဖက်နှစ်ဦးသာ။

"တန်ရာတန်ကြေး ပေးထားပြီး တန်ရာတန်ကြေး ပြန်မရတာကို သည်းခံနိုင်ကြတာ အံ့သြ ပါ့အေ၊ ငါကတော့ နည်းနည်းမှ သည်းမခံနိုင်ဘူး ဒါပဲ"

"တော်ပါတော့ မေမေရယ်၊ ဖေဖေ့ကို စိတ်မပူဘူးလား ဟင်"

"မပူပါဘူးအေ၊ ပူစရာလား"

ထိုစကားကလည်း ဟန်ဆောင်ပန်ဆောင် ပြောခြင်း မဟုတ်သည့် အမှန်တရားသာ။ မေမေက ဖေဖေ့အလုပ်နှင့် ပတ်သက်၍ ဘယ်တုန်းကမှ ဝင်မစွက်ဖူးခဲ့။ သို့သော်လည်း ခုလိုအခြေအနေမှာ မေမေသည် နေနိုင်လွန်းလှသည် ကော။ သံယောဇဉ် နည်းသည် လား၊ နှစ်ရှည်လများ မျှော်လင့်ခဲ့သည့် ကိစ္စတစ်ခု တကယ် ဖြစ်သွားပြီမို့ မိုးပြိုမှာ စိုးသည့် စိတ်တွေ လျော့ကျသွားပြီး စိတ်ချမ်းသာ လက်ချမ်းသာ နေနိုင်သည် လား မပြောတတ်ပါတော့။

'ဩဇာတိက္ကမ ကြီးမားလှသည့် ဝေါစတွိရေ့နေကြီး အစအန ရှာမရအောင် ပျောက်ဆုံးခြင်း'

ဖေဖေ ပျောက်ဆုံးပြီး ရက်အနည်းငယ် ကြာသောအခါ နယူးယောက်တိုင်းမ် သတင်းစာကြီးက ဤသို့ ခေါင်းကြီးတပ်ကာ ဖော်ပြခဲ့သည် ။ ရက်ပိုင်းအတွင်း စာစောင်ပေါင်းစုံမှာ မှန်းဆချက်တွေနှင့် ပြည့်နှက်သွားခဲ့သည် ။ အမှုကိစ္စ မကျေနပ်သော အမှုသည် တစ်ယောက်ယောက်က သတ်ဖြတ်သွားခြင်း လား၊ ပြန်ပေးဆွဲခံလိုက်ရသလား၊ ဟောလိဝုဒ်နှင့် ဆက်စပ်မှုတွေ ရှိနေသလား၊ ပထမ နှစ်ပတ်အတွင်း စုံစမ်းစစ်ဆေးမှုများ အရ အမှုသည် ပို၍ ပင် လျှို့ဝှက်သည်းဖို ဆန်လာခဲ့သည် ။

သူ ပျောက်ဆုံးသွားသည့် နေ့က ဖေဖေသည် ဂျေအက်ဖ်ကေ လေဆိပ်ကို ရောက်ခဲ့သည် ။ သို့သော် ဘော်စတွန်သို့ သွားရမည့် အစား လော့စ်အိန်ဂျယ်လိစ်သို့ ထွက်ခွာသွားခဲ့သည် ။ လေဆိပ်တွင် လေယာဉ် လက်မှတ် ဝယ်ခဲ့ပြီး ဘာအထုပ်အပိုးမျှ မပါခဲ့။ လော့စ်အိန်ဂျယ်လိစ်မှ ဟောင်ကောင်သို့ ယူနိုက်တက် လေကြောင်းအမှတ် ၈၈၈ ဖြင့် ပထမတန်းလက်မှတ် ဝယ်ကာ ထွက်ခွာသွားခဲ့ပြန်သည် ။ လေယာဉ်မယ် တစ်ဦးက ရှန်ပိန်မှာ ၊

သတင်းစာမဖတ်ဘဲ ပါဗလိုနီရူဒါ၏ ကဗျာပေါင်းချုပ်စာအုပ်ကြီးကို တစ်ချိန်လုံး ဖတ်နေသည့် ဖေဖေ့ကို ကောင်းစွာ သတိထားမိခဲ့သည် ။ အင်မတန်ယဉ်ကျေးသိမ်မွေ့ပြီး တည်ငြိမ်လှသည့် ဖေဖေသည် အစားလည်း မစား၊ အိပ်လည်း မအိပ်၊ ရုပ်ရှင်လည်း မကြည့်ဘဲ တစ်ချိန်လုံး သဲသဲမဲမဲ ကဗျာဖတ်နေခဲ့သည် တဲ့ ။

ဟောင်ကောင် ပနင်ဆူလာဟိုတယ် အခန်းအမှတ် ၂၁၈ မှာ တစ်ညတည်းသွားခဲ့သည် ။ ကြက်သားနှင့် ရေသန့် အခန်းထဲမှာ စားသည် ။ နောက်တစ်နေ့မှာ ကဒ္ဒေး ပစိဖိတ်လေကြောင်းအမှတ် ၆၁၅ ဖြင့် ဗန်ကောက်သို့ သွားသည် ။ ဗန်ကောက်ရှိ အရှေ့တိုင်း မန်ဒရင်း ဟိုတယ်မှာ တည်းသည် ။ ဖေဖေသည် သူ့လမ်းကြောင်းကို ဖုံးကွယ်ရန် လုံးဝ မကြိုးစားခဲ့။ အလုပ်ကိစ္စဖြင့် သွားတိုင်း တည်းနေကျ ဟိုတယ်များ တွင် သာ တည်းခိုပြီး ပေးချေနေကျအတိုင်း ခရက်ဒစ်ကတ်ဖြင့်သာ ငွေရှင်းသည် ။ သို့သော် ဗန်ကောက်သည် စုံစမ်းစစ်ဆေးသူများ အတွက် ခရီးဆုံး ဖြစ်၏။ နောက်လေးပတ်ကြာတော့ ဗန်ကောက်လေဆိပ်အဝင်ဝမှာ သူ့နိုင်ငံကူးလက်မှတ်ကို ဆောက်လုပ်ရေး အလုပ်သမားတစ်ဦးက ရှာဖွေ တွေ့ရှိခဲ့သည် ဟု ဆိုသည် ။

တွေ့ရှိရသည့် အချက်အလက်များ အရတော့ သူ ထိုင်းနိုင်ငံမှ မထွက်ခွာခဲ့။ ဗန်ကောက်မှ ထွက်ခွာသည့် ခရီးသည် စာရင်းကို ရဲက ပိုက်စိပ်တိုက် စစ်ဆေးသော်လည်း သူ့နာမည် ပါမလာခဲ့။ ထိုင်းမှာ နိုင်ငံကူး လက်မှတ်အတုလုပ်ကာ ထွက်ခွာသွားလေသလား။ ထိုင်းလေကြောင်း အမှုထမ်းများကတော့ သူ့ကို တွေ့ကြသည် ဟု ဆိုသည် ။ တစ်ခုက လန်ဒန်၊ တစ်ခုက ပါရီ၊ တစ်ခုက ဖနွမ်းပင်။ အဓိပ္ပာယ်တော့ မရှိလှ။

လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များ ထံမှ ရသည့် အချက်အလက်များ

အရတော့ ကျွန်မ၏ ဖေဖေ သည် ၁၉၄၂ ခုနှစ်တွင် မြန်မာပြည်မှ နေ၍ အမေရိကန်သို့ ကျောင်းသားဗီဇာဖြင့် ရောက်လာခဲ့သည် ဆို၏။ နယူးယောက်မှာ ပညာသင်ပြီး ၁၉၅၉ ခုနှစ်မှာ အမေရိကန်နိုင်ငံသား ဖြစ်လာခဲ့သည် ။ မွေးဖွားရာ ဇာတိကို မြန်မာနိုင်ငံမြို့တော် ရန်ကုန်ဟု ရေးသွင်းထားခဲ့သည် ။ အက်ဖ်ဘီအိုင်နှင့် ရန်ကုန်ရှိ အမေရိကန် သံရုံးတို့ ကို စုံစမ်းတော့လည်း ကောက်ရိုးပုံထဲ အပ်ပျောက်ရှာရသလိုပင်။ ဝင်း ဆိုသည့် နာမည်က မြန်မာနိုင်ငံမှာ အလွန်ပေါသည် ဆိုပဲ။ ထို့ကြောင့် လည်း ဖေဖေ၏ မျိုးရိုးဇာတိကို စုံစမ်းရာမှာ ခြေရာ လည်း ပျောက်၊ ရေလည်း နောက်ခဲ့ရတော့သည် ။

***